



mgyoe.com
စိတ်ကူးချိုချိုအနုပညာ
mgyoe.com

mgyoe.com

ကလေးလူငယ် ဖတ်ဖွယ်သုတ (၄)

# ၂၀ ရာစုအစောပိုင်းသမိုင်း

# MODERN HISTORY


အမေရိကန်အလံမှာပါတဲ့ အနီနဲ့အဖြူအစင်းကြောင်း ၁၃ ခု၊ ကြယ် ၁၃ ခုဟာ လွတ်လပ်ရေးကြေညာချက်မှာ လက်မှတ်ထိုးထားတဲ့ မူလကိုလိုနီ ၁၃ နေရာအတွက် ရပ်တည်ခဲ့တာ ဖြစ်တယ်။

မျက်မှောက်ခေတ် အမေရိကန်အလံမှာတော့ ကြယ်အလုံး ၅၀ ရှိပြီး ပြည်နယ်တစ်ခုချင်းစီအတွက် ကြယ်တစ်လုံးပါဝင်နေတာဖြစ်တယ်။



## ဒါဗင်ချီရဲ့ စိတ်ကူးတွေက ဘာကြောင့် ခေတ်ရှေ့ပြေးတာလဲ

လီယိုနာဒို ဒါ ဗင်ချီ (Leonardo Da Vinci)ဆိုတဲ့ အနုပညာထူးချွန်သူ အင်ဂျင်နီယာတစ်ယောက်က ငှက်တွေလိုမျိုး လူတွေ ပျံသန်းနိုင်မယ့် နည်းလမ်းတစ်ခုကိုရှာဖို့ တွက်ချက်စူးစမ်းခဲ့တယ်။ လီယိုနာဒိုဒါဗင်ချီက ပျံသန်းတဲ့ စက်တွေအတွက် ဒီဇိုင်းပေါင်းများစွာ ရေးဆွဲရင်း သူ့ရဲ့ဘဝဖြတ်သန်းခဲ့တယ်။



- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁) — သမိုင်းမတိုင်မီခေတ် — THE PREHISTORIC WORLD
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၈) — ကျွန်တော်တို့ရဲ့ကမ္ဘာ — OUR WORLD
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၂) — ရှေးဟောင်းလူ့သမိုင်း — ANCIENT HISTORY
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၉) — သိပ္ပံနဲ့နည်းပညာကမ္ဘာ — SCIENCE AND TECHNOLOGY
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၃) — လူ့သမိုင်းနဲ့ ထူးခြားအဖြစ်အပျက်များ — HISTORY AND EVENTS
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၀) — သဘာဝလောက သုတအဖြာဖြာ — THE NATURAL WORLD
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၄) — ၂၀ ရာစုအစောပိုင်းသမိုင်း — MODERN HISTORY
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၁) — အပင်ကမ္ဘာ — THE PLANT WORLD
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၅) — သမိုင်းနောက်ခံအချိန်ကာလများ — HISTORICAL TIMES
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၂) — တိရစ္ဆာန်လောက — THE ANIMAL KINGDOM
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၆) — ကမ္ဘာဂြိုဟ်ကြီးနဲ့ အာကာသဟင်းလင်းပြင် — EARTH AND SPACE
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၃) — လူ့ခန္ဓာကိုယ်ရဲ့လုပ်ငန်းအဖြာဖြာ — THE HUMAN BODY
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၇) — အာကာသနည်းပညာ — SPACE AND TECHNOLOGY
- ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၄) — သုတအပြေ့အထွေထွေ — GENERAL KNOWLEDGE

MZP0015
1,300.00 KS

mgyoe.com

ကလေးလူငယ်ဖတ်ဖွယ်သုတ (၄) - ၂၀ ရာစုအစောပိုင်းသမိုင်း၊ မိုးဇက်ပိုင်
စာမျက်နှာ ၄၉ မျက်နှာ၊ ၁၄ ·၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကလေးလူငယ်ဖတ်ဖွယ်သုတ (၄)
# ၂၀ ရာစုအစောပိုင်းသမိုင်း
# Modern History


မိုးဇက်ပိုင်
စုစည်းပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com


ကလေးလူငယ် ဖတ်ဖွယ်သုတ (၄)
၂၀ ရာစုအစောပိုင်းသမိုင်း
MODERN HISTORY
မိုးဇက်ပိုင်
စုစည်းပြန်ဆိုသည်

mgyoe.com

# မာတိကာ


၁။ တူရကီခေါင်းဆောင် အော့စ်မန် ဘာကြောင့်အောင်မြင်ခဲ့တာလဲ ၄

၂။ Timur Laung က နာမည်ဆိုးနဲ့ ဘာကြောင့်ကျော်ကြားခဲ့တာလဲ ၅

၃။ ရိနေးဆန့်ခေတ်အဖြစ် ဘာကြောင့် ပြန်လည်ထွန်းကားလာတာလဲ ၆

၄။ ရိနေးဆန့်ခေတ်ထဲမှာ အနုပညာရှင်တွေက သမားရိုးကျ
ထုံးတမ်းအယူအဆတွေကို ဘာကြောင့်စွန့်ပယ်ခဲ့တာလဲ ၈



၅။ ဒါဗင်ချီရဲ့စိတ်ကူးတွေက ဘာကြောင့်ခေတ်ရှေ့ပြေးတာလဲ ၉

၆။ Copernicus ကို ဘာကြောင့်အမှတ်ရနေကြတာလဲ ၁၁

၇။ ခရစ်ယာန်သာသနာပြုပြင်ရေး အဖြစ်အပျက်များ
ဘာကြောင့်ဖြစ်ပေါ်ခဲ့တာလဲ ၁၂

၈။ ဘုရင် Henry VIII က ပုပ်ရဟန်းမင်းကြီးကို
ဘာကြောင့်ဖီဆန်တာလဲ ၁၄

၉။ စပိန်ရေတပ် အာမာဒါသင်္ဘောအုပ်စုကြီးကို
ဘာကြောင့် တိုက်ခိုက်ဖို့အတွက် စေလွှတ်ခဲ့တာလဲ ၁၅

၁၀။ အဲလိစ်ဇဘတ်ရဲ့လက်ထက်မှာ ဘာကြောင့်အောင်မြင်မှုရခဲ့တာလဲ ၁၇

၁၁။ ကြီးမားတဲ့ ဘာသာရေးစစ်ပွဲကြီး ဘယ်လိုစတင်ပေါ်ပေါက်လာခဲ့တာလဲ ၁၈

၁၂။ ဗာဆိုင်းနန်းတော်ကို ဘာကြောင့်ဆောက်လုပ်ခဲ့တာလဲ ၂၀

၁၃။ စိုက်ပျိုးမွေးမြူရေး တော်လှန်ရေးကြီး ဘာကြောင့်ဖြစ်ပျက်ခဲ့တာလဲ ၂၁

၁၄။ ကောက်ပဲသီးနှံကို အလှည့်ကျလှည့်စိုက်တဲ့ အလေ့အကျင့်က
ဘာကြောင့်အောင်မြင်ခဲ့တာလဲ ၂၂

၁၅။ စက်ယန္တရားတွေ၊ စက်ရုံ၊ အလုပ်ရုံတွေက ထုတ်လုပ်မှုလုပ်ငန်းကို
ဘာကြောင့်လွှဲပြောင်းယူခဲ့တာလဲ ၂၄

၁၆။ Davy မီးအိမ်တွေကို ဘာကြောင့်အသုံးပြုခဲ့တာလဲ ၂၅

၁၇။ အမေရိကန်တော်လှန်ရေး ဘာကြောင့်ဖြစ်ပျက်ခဲ့တာလဲ ၂၇

၁၈။ Boston Tea Party ဘာကြောင့်ဖြစ်ပျက်ခဲ့တာလဲ ၂၈

၁၉။ နပိုလီယံက ပြင်သစ်ကို စစ်ပွဲထဲပါအောင်
ဘာကြောင့်ခေါ်ဆောင်ခဲ့တာလဲ ၃၀


mgyoe.com

mgyoe.com


၂၀။ ဝါတာလူးစစ်ပွဲမှာ ပြင်သစ် ဘာကြောင့်ရှုံးခဲ့တာလဲ ၃၁

၂၁။ ဂါရီဘယ်လ်ဒီက ဘာကြောင့် အီတလီကိုပေါင်းစည်းခဲ့တာလဲ ၃၃

၂၂။ ဖလော့ရင့်နိုက်တင်ဂေးကို ဘာကြောင့် အမှတ်ရနေကြတာလဲ ၃၄

၂၃။ အိုင်ယာလန်မှာ ငတ်မွတ်ခြင်းဘေးကြီး ဘာကြောင့်အစပြုခဲ့တာလဲ ၃၆

၂၄။ ဂလက်စတုန်းက အိုင်းရစ်တွေကို ဘာကြောင့်မကူညီတာလဲ ၃၇

၂၅။ အမျိုးသမီး မဲပေးပိုင်ခွင့်ရရှိရေး လှုပ်ရှားမှု
ဘာကြောင့်ဖြစ်ပျက်ခဲ့တာလဲ ၃၈

၂၆။ ပထမကမ္ဘာစစ်ကြီးက အမျိုးသမီးတွေရဲ့ တန်းတူညီမျှ မဲပေးခွင့်ရရှိရေး
အကျပ်အတည်းကို ဘာကြောင့် အထောက်အပံ့ဖြစ်စေခဲ့တာလဲ ၄၀

၂၇။ ၁၉၁၄ ခုနှစ်အတွင်းမှာ စစ်ပွဲကြီး
ဘာကြောင့်ရုတ်တရက်ပေါ်ပေါက်လာခဲ့တာလဲ ၄၁

၂၈။ ၁၉၁၇ ခုနှစ်အတွင်းမှာ အမေရိကန်က
စစ်ထဲကိုဘာကြောင့်ဝင်ရောက်လာတာလဲ ၄၃

၂၉။ ဗြိတိန်စစ်ပွဲကြီး ဘာကြောင့်ဖြစ်ပျက်ခဲ့တာလဲ ၄၄

၃၀။ စစ်ပွဲအတွင်းမှာ D-Day ကမ်းတက်တိုက်ပွဲက
ဘာကြောင့် အလှည့်အပြောင်းဖြစ်စေခဲ့တာလဲ ၄၆

၃၁။ အစ္စရေးလို့ ဘာကြောင့်ဖြစ်ပေါ်လာခဲ့တာလဲ ၄၇

၃၂။ စစ်အေးတိုက်ပွဲက ဘာကြောင့် စတင်ခဲ့တာလဲ ၄၈






mgyoe.com





# တူရကီခေါင်းဆောင် အော့စ်မန် ဘာကြောင့်အောင်မြင်ခဲ့တာလဲ

၁၃၀၀ ခုနှစ်လောက်က တူရကီခေါင်းဆောင် အော့စ်မန်(Osman)ဟာ အနာတိုလီယာ(မျက်မှောက်ခေတ် တူရကီ)အတွင်းက နိုင်ငံငယ်လေးကို အုပ်ချုပ်ခဲ့တယ်။ သူ့မိသားစု နာမည်က အာရပ်လို(Othman)ဖြစ်တယ်။ ဒီနေ့ ကျွန်တော်တို့က (Ottoman)လို့ ကောင်းကောင်း သိနေကြတာပေါ့။

အော့စ်မန်နဲ့ သူ့ရဲ့သားမြေးစဉ်ဆက်တို့ဟာ ကမ္ဘာ့သမိုင်းမှာ သမိုင်းကြောင်းရှည်လျားတဲ့၊ အလွန်အရေးပါတဲ့ အင်ပါယာတွေကို တည်ဆောက်ခဲ့ကြတယ်။ အော့တိုမန်တွေက ခိုင်မာတောင့်တင်းမှုမရှိတဲ့ (Byzantine)အင်ပါယာရဲ့ အစိတ်အပိုင်းတွေကိုစပြီး အာဏာသိမ်းခဲ့တယ်။ အနောက်ကမ္ဘာမှာ၊ ဥရောပတိုက်မှာ ခရစ်ယာန်ရဲ့ ဩဇာလွှမ်းမိုးမှုကို အားကောင်းတဲ့ မွတ်စလင်အင်ပါယာသစ်တစ်ခု ပေါ်ပေါက်လာပြီလို့ တုံ့ပြန်အဖြေပေးခဲ့တယ်။

**အချက်အလက်**

အော့တိုမန်ဗလီတစ်ခုရဲ့ ဝင်ပေါက်တံခါးလမ်းကြောင်းမှာ ပန်းပုပညာနဲ့ အနုစိတ် ထွင်းထုထားခဲ့တယ်။



mgyoe.com



၁၃၄၆ ခုနှစ်အတွင်းမှာ Byzantine ခေါင်းဆောင်တစ်ဦးက အော့တိုမန်စစ်သား တချို့ကို သူ့အတွက် စစ်တိုက်ပေးဖို့ ငှားရမ်းခဲ့တယ်။ ဒါပေမဲ့ အဲဒါက လက်စသတ်တော့ ကြီးမားတဲ့အမှားကြီးတစ်ခုဖြစ်စိမ့် ငှားရမ်းလိုက်သလို ဖြစ်သွားတယ်။ အော့တိုမန်တွေကို ဥရောပအတွင်းသို့ ဝင်ရောက်လာဖို့ ဖွင့်ပေးခဲ့သလိုဖြစ်သွားခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ အင်ပါယာဟာ တိုးပွားလာခဲ့တယ်။

## Timur Laung က နာမည်ဆိုးနဲ့ ဘာကြောင့်ကျော်ကြားခဲ့သလဲ

Timur Laung (Timur The Lame) က သူဟာ ဂျင်ဂျစ်ခန်ရဲ့ သားမြေးစဉ်ဆက် တစ်ယောက်ဖြစ်ထိုက်တယ်လို့ ကြုံးဝါးခဲ့ပြီး ရက်စက်တဲ့ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့တယ်။ အော့တိုမန်တွေက သူတို့ရဲ့အင်ပါယာကို အရှေ့ဘက်သို့ ရှေးရှုပြီး တိုးချဲ့ဖို့ကြိုးစား နေချိန်မှာ သူတို့အတွက် အံ့ဩတုန်လှုပ်စရာ၊ ဒေါသထွက်စရာ အလားအလာတစ်ခုနဲ့ ကြုံခဲ့ရတယ်။

အော့တိုမန်တို့ မတိုက်ခိုက်ခင်မှာ (Timur)က ပါရှား(ယခု အီရန်)ကို သိမ်းပိုက်စိုးမိုးခဲ့ပြီးဖြစ်တယ်။ ရုရှား၊ အိန္ဒိယအပါအဝင် ဗဟိုအာရှကိုလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်

mgyoe.com

mgyoe.com

**အချက်အလက်**

၁၃၈၇ ခုနှစ်အတွင်း Timur က Isfahan ရဲ့ မြို့တော်ကို သိမ်းပိုက်ခဲ့ချိန်မှာ မြို့တော်သူ မြို့တော်သား ၇၀၀၀ ကို အားလုံးကွပ်မျက်ဖို့ Timur က သူ့လူတွေကို အမိန့်ပေးခဲ့တယ်။ မြို့တော်တံတိုင်းရဲ့အပြင်ဘက်မှာ အဲဒီခေါင်းပြတ်တွေကို ရောမတောင်ပို့ကြီးတစ်ခုဖြစ်အောင် စုပုံထားခဲ့တယ်။



ဖျက်ဆီးခဲ့တယ်။ Timur က Turks တို့အပေါ်ကို ဟာရီကိန်းမုန်တိုင်းတစ်ခုလို ကျရောက်သွားခဲ့တယ်။ အနာတိုလီယာမှာ Turks တွေရဲ့ အဓိကမြို့တော် သိမ်းပိုက်ဖျက်ဆီးခံရတယ်။ သူတို့ရဲ့စစ်တပ် ချေမှုန်းခံရတယ်။

သူတို့ရဲ့ခေါင်းဆောင် အဖမ်းခံရတယ်။ အဲဒီနောက် Timur က သူတို့ရဲ့အင်ပါယာကို စတင်ဖျက်ဆီးပြီး ပစ္စည်းတွေကို လုယူခဲ့တယ်။ အစိတ်စိတ်အမြွာမြွာဖြစ်အောင် လုပ်တယ်။ ဒါက အော့တိုမန်ဇာတ်လမ်းရဲ့ အဆုံးသတ်လိုဖြစ်သွားခဲ့တာပေါ့။ ဒါပေမဲ့ ၁၄၀၅ ခုနှစ်အတွင်းမှာ Timur သေဆုံးခဲ့ပြီး နောက်ဆုံးပိတ်ကျတော့ မွန်ဂိုနိုင်ငံတော်ကြီးလည်း ပြိုကွဲခဲ့တယ်။

# ရီနေးဆန့်ခေတ်အဖြစ် ဘာကြောင့် ပြန်လည်ထွန်းကားလာတာလဲ

အီတလီမှာ ရီနေဆန့်ခေတ်အဖြစ် စာပေနဲ့အနုပညာ ပြန်လည်ထွန်းကားမှုတွေ စတင်ခဲ့တယ်။ ရှေးဂရိယဉ်ကျေးမှုအတွေးအခေါ်တွေကို ဖော်ထုတ်လိုက်စားမှုကြောင့် ၁၄ ရာစုကနေ ၁၆ ရာစုနှစ်များအတွင်းက စာပေနဲ့အနုပညာ၊ စာပေပြန်လည်ထွန်းကားလာတဲ့ခေတ်ကို ရီနေးဆန့် (Renaissance) လို့ ခေါ်ကြတယ်။

ရောမ Rome မြို့တော်ဟာ ကမ္ဘာ့စာပေနဲ့ အနုပညာထွန်းကာရာ အဓိကမြို့တော်ကြီးတစ်ခုလည်းဖြစ်တယ်။ ခံ့ညားထည်ဝါတဲ့ ရှေးဟောင်းအဆောက်အအုံတွေ ပြည့်နှက်နေတဲ့ မြို့တော်ကြီးလည်းဖြစ်တယ်။ တခြားအရာဝတ္ထုတွေကလည်း ယဉ်ကျေးမှုပြန်လည်ရှင်သန်အောင် လှုံ့ဆော်ခဲ့ကြတယ်။

mgyoe.com

mgyoe.com




အီတလီမှာ ရီနေးဆန့်ခေတ် ဘာကြောင့် စတင်ခဲ့သလဲဆိုတဲ့ အကြောင်းအရာတွေထဲမှာ ငွေကြေးက အရေးပါတဲ့အချက်တစ်ခုဖြစ်ခဲ့တယ်။ အီတလီရဲ့မြို့တွေ၊ ပြည်နယ်တွေမှာ ချမ်းသာကြွယ်ဝတဲ့ မိသားစုတွေ အများကြီးရှိပြီး သူတို့ရဲ့အိမ်မှာ ပန်းချီကားသစ်တွေအတွက် ပန်းပု၊ ကျောက်ဆစ်တွေ ထွင်းထုဖို့အတွက်၊ ဗိသုကာပုံစံတွေအတွက် ငွေကြေးကုန်ကျစရိတ်တွေ စိတ်အားထက်သန်စွာ အသုံးပြုခဲ့ကြတယ်။

ထူးချွန်ကျွမ်းကျင်တဲ့ အနုပညာဖန်တီးသူအမြောက်အမြားဟာ အီတလီမှာနေထိုင်အလုပ်လုပ်ဖို့ လာရောက်ခဲ့ကြတာပေါ့။ အဲဒီအနုပညာရှင်တွေကသမိုင်းရဲ့ရင်သပ်ရှုမောစရာ အကောင်းဆုံးဖန်တီးနိုင်စွမ်း ကာလတစ်ခုကို မွမ်းမံပုံဖော်ခဲ့ကြတယ်။


### အချက်အလက်

Andrea Palladio ဆိုတာက ရီနေးဆန့်ခေတ် ထူးချွန်ဗိသုကာဖန်တီးသူတွေထဲက တစ်ယောက်ဖြစ်တယ်။ ရှေးခေတ်တိုင်တွေကို ဒီဇိုင်းပုံဖော်ဖန်တီးခဲ့တယ်။ သူက အဆောက်အအုံတွေ ဆောက်လုပ်ရာမှာ ရှေးခေတ်ဂန္ထဝင် သဘောသဘာဝတွေကို အသုံးချပြီး ဒီဇိုင်းဆွဲခဲ့တယ်။



mgyoe.com





# ရီနေးဆန့်ခေတ်ထဲမှာ အနုပညာရှင်တွေက သမားရိုးကျ ထုံးတမ်းအယူအဆတွေကို ဘာကြောင့် စွန့်ပယ်ခဲ့တာလဲ

ရှေးကျတဲ့ ဂန္ထဝင်ကာလအပိုင်းအခြားကတည်းက ပထမဆုံးအကြိမ်အဖြစ် အနုပညာရှင်တွေက လူ့ခန္ဓာကိုယ်ရဲ့ တင့်တယ်လှပခြင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ ခံစားဖော်ထုတ်ခဲ့ကြတယ်။ ရှေးဟောင်းဂရိတွေရဲ့ အတွေးအခေါ်စိတ်ကူးစိတ်သန်းနှစ်ခုကလည်း သူတို့ကို အကူအညီပေးခဲ့တယ်။

အရာဝတ္ထုတစ်ခုနဲ့တစ်ခုရဲ့ အနီးအဝေးအနေအထား၊ အလုံးအထည်တို့ကို အမြင်အတိုင်း ပကတိရုပ်လုံးပေါ်အောင် ရေးဆွဲနည်းနဲ့ အချိုးအစားတကျရှိခြင်း၊ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ဘယ်လောက်ပုံဖော်နိုင်တယ်ဆိုတာကို သုတေသနအသစ်ပြုလုပ်ခြင်း စတာတွေက အကူအညီဖြစ်စေခဲ့တယ်။

မိုက်ကယ်အိန်ဂျလို(Michelangelo)ရဲ့ David က အဝတ်မပါဘဲ အလှပြတဲ့ ပန်းပုရုပ်တစ်ခုဖြစ်ပြီး ကြွက်သားနဲ့အရိုးတွေရဲ့ ကာယအား၊ ကြွက်သားတွေရဲ့ လုပ်ဆောင်ပုံတွေကို နက်နက်ရှိုင်းရှိုင်း သိမြင်စေခဲ့တယ်။ အလယ်ခေတ်(အေဒီ ၁၁၀၀-၁၄၀၀ ခန့်) အနုပညာအားလုံးနီးပါးက ဘာသာရေးနဲ့ဆက်နွယ်တာတွေကို သရုပ်ဖော်ပြခဲ့တယ်။

ရီနေးဆန့်ခေတ် အနုပညာရှင် တွေက ရှုခင်းပုံတွေ၊ ဒဏ္ဍာရီထဲက နတ်ဘုရားတွေနဲ့

mgyoe.com

နတ်သမီးတွေရဲ့ပုံ တွေ အစရှိသဖြင့် တခြားအကြောင်းအရာတွေကို လည်း ရေးဆွဲခဲ့တယ်။ သူတို့က ပုံတူပန်းချီ တွေကိုလည်း ရေးဆွဲခဲ့တယ်။ သူတို့ ကို ငွေကြေးအရ ဒါမှမဟုတ် တခြား နည်းလမ်းနဲ့ ကူညီအားပေးသူတွေရဲ့ ပုံတူတွေကို ရေးဆွဲပေးခဲ့တာပေါ့။ သူတို့ကိုယ်သူတို့လည်း ပုံဖော်ကြ တယ်။ အဲဒီလို ရေးဆွဲတဲ့အခါမှာ လည်း လူသားတွေရဲ့ စိတ်ခံစားချက် ကို ပိုမိုပေါ်လွင်တဲ့ အမူအရာမျိုးနဲ့ ဖော်ပြခဲ့တယ်။

**အချက်အလက်**

Baptistery ရဲ့ ခမ်းနားထည်ဝါတဲ့ တံခါးတွေမှာ ရုပ်ပုံတွေနဲ့ တန်ဆာဆင်ထားတယ်။ ဖလောရင့်ရဲ့ အဓိကမြို့လယ်ကွက်လပ်ကြီး တွေထဲက တစ်ခုမှာ ဆောက်လုပ်ထားပြီး နံရံ ၈ ဘက်ပါတဲ့ ဘာသာရေး အဆောက်အအုံကြီးလည်း ဖြစ်တယ်။




## ဒါဗင်ချီရဲ့ စိတ်ကူးတွေက ဘာကြောင့် ခေတ်ရှေ့ပြေးတာလဲ

ရိနေးဆန့်ခေတ် ကာလအပိုင်းအခြားအတွင်းမှာ သိပ္ပံပညာရှင်တွေနဲ့ တီထွင်သူတွေက အလွန်အရေးပါတဲ့ ရှာဖွေမှုတွေကို ပြုလုပ်ခဲ့ကြတယ်။ ကမ္ဘာဂြိုဟ်ကြီးနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့အမြင်တွေကို အပြောင်းအလဲဖြစ်စေမယ့် မေးခွန်းတွေကို မေးခဲ့တယ်။ ကောင်းကင်ဘုံတွေ၊ အမြဲထာဝရဆိုတဲ့အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး မေးခွန်းတွေ ထုတ်ခဲ့ကြတယ်။ တီထွင်မှုအားလုံးက အမှန်တကယ် အလုပ်မဖြစ်နိုင်ဘူးဆိုတာလည်း ရှိမှာပေါ့။

လီယိုနာဒိုဒါဗင်ချီ (Leonardo Da Vinci)ဆိုတဲ့ အနုပညာထူးချွန်သူ အင်ဂျင်နီယာ တစ်ယောက်က ငှက်တွေလိုမျိုး လူတွေပျံသန်းနိုင်မယ့်နည်းလမ်းတစ်ခုကိုရှာဖို့ တွက်ချက် စူးစမ်းခဲ့တယ်။ လီယိုနာဒိုဒါဗင်ချီက ပျံသန်းတဲ့စက်တွေအတွက် ဒီဇိုင်းပေါင်းများစွာ ရေးဆွဲ ရင်း သူ့ရဲ့ဘဝဖြတ်သန်းခဲ့တယ်။ လေထီးခုန်တာ၊ ပန်ကာရွက်တွေပါတဲ့ ရဟတ်ယာဉ်တွေနဲ့ ပတ်သက်ပြီးတော့လည်း စူးစမ်းလေ့လာခဲ့တယ်။


mgyoe.com



တောင်ပံအချပ်တွေအပြားတွေပါတဲ့ လေယာဉ်တစ်စင်းအတွက် မဟာစိတ်ကူးကြီး တစ်ခုလည်း သူ့မှာရှိခဲ့တယ်။ ၁၅၀၃ ခုနှစ်လောက်က အဲဒီဒီဇိုင်းကို သူစိတ်ကူးနေခဲ့ပြီ ဖြစ်တယ်။ သူက စမ်းသပ်ပျံသန်းမှုတစ်ခုကို စီစဉ်ခဲ့ပေမဲ့ အထင်ကရဖြစ်လာမယ့်စက်က ပျက်ကျခဲ့တယ်။ ပထမဆုံးလေယာဉ်ပျံကို အောင်အောင်မြင်မြင် ပျံသန်းဖို့ နောက်ထပ် နှစ်ပေါင်း ၄၀၀ အထိတိုင်အောင် မလုပ်နိုင်ခဲ့ကြဘူး။ ဘာပဲဖြစ်ဖြစ် သူဟာ စိတ်ကူးကောင်း ကောင်းနဲ့ ခေတ်ရှေ့ပြေးခဲ့သူဖြစ်ပါတယ်။

## အချက်အလက်

Galileo Galilei ဆိုတာက နက္ခတ္တဗေဒပညာရှင်နဲ့ ရူပဗေဒပညာရှင်တစ်ဦး ဖြစ်ပါတယ်။ ကောင်းကင်ဘုံနဲ့ပတ်သက်ပြီး (Nicolaus Copernicus)ရဲ့ စိတ်ကူးကို ခိုင်မာစေဖို့အတွက် သူက စောင့်ကြည့်အကူအညီပေးခဲ့တယ်။




mgyoe.com

# Copernicus ကို ဘာကြောင့် အမှတ်ရနေကြတာလဲ

နီကိုလပ် ကိုပါနီကပ်စ် (Nicolaus Copericus) က ပိုလန်နက္ခတ္တပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ အောက်ပါရုပ်ပုံကားချပ်က စကြဝဠာအစုအဝေးနဲ့ပတ်သက်ပြီး သူ့ရဲ့အမြင်ဖြစ်ပါတယ်။ သူက အဲဒီမှာ နေကို စကြဝဠာအစုအဝေးကြီးရဲ့ အလယ်ဗဟိုမှာ အဆိုပြုထားတယ်။ ကမ္ဘာဂြိုဟ်ကြီးမဟုတ်ဘူး၊ ကမ္ဘာဂြိုဟ်ကြီးနဲ့ တခြားဂြိုဟ်တွေက နေကို ဗဟိုပြုပြီး လည်ပတ်နေကြတာပေါ့။

၁၆၂၀ နှစ်များအတွင်းမှာ ကိုပါနီကပ်စ်ရဲ့ စိတ်ကူးမှန်ကန်တဲ့အကြောင်းကို အီတလီနက္ခတ္တဗေဒပညာရှင် ဂါလီလီယို ဂါလီလီ (Galileo Galilei)က ခေတ်ဦးအဝေးကြည့် မှန်ပြောင်းတစ်ခုကို အသုံးပြုပြီး ဂျူပီတာဂြိုဟ်ကို စူးစမ်းလေ့လာခြင်းဖြင့် သက်သေပြခဲ့တယ်။ သူက ဂျူပီတာဂြိုဟ်ပတ်လမ်းအတွင်းရှိ တခြားလတွေကို ရှင်းရှင်းလင်းလင်းမြင်နိုင်ခဲ့တာ





mgyo...com

mgyoe.com


ပါ။ အဲဒီနေရာမှာရှိတဲ့ အစုအဝေးကြီးက ကမ္ဘာဂြိုဟ်ကိုပတ်ပြီး ရွေ့လျားမနေဘူး။ အဲဒီမှာ ဆိုလိုတဲ့အချက်က ကမ္ဘာဂြိုဟ်ဟာ စကြဝဠာအစုအဝေးကြီးရဲ့ဗဟို မဟုတ်ဘူး ဆိုတာပဲ။

**အချက်အလက်**

ဂါလီလီယိုရဲ့ အဝေးကြည့်မှန်ပြောင်းက အဲဒီ မတိုင်ခင် အသုံးပြုခဲ့တဲ့ မည်သည့်အဝေးကြည့် မှန်ပြောင်းထက်မဆို အရမ်းအားကောင်းတယ်။ သူက အဝေးကြည့်မှန်ပြောင်းတစ်ခုနဲ့ ညကောင်းကင်ယံကို လေ့လာခဲ့တဲ့ ပထမဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ခဲ့တယ်။



# ခရစ်ယာန်သာသနာပြုပြင်ရေး အဖြစ်အပျက်များ ဘာကြောင့်ဖြစ်ပေါ်ခဲ့တာလဲ

မာတင်လူသာ (Martin Luther)က ဂျာမနီမှလာတဲ့ ဗရင်ဂျီဂိုဏ်းဝင် ကက်သလစ်ဘုန်းကြီးတစ်ပါးဖြစ်တယ်။ ၁၅၁၀ ခုနှစ်အတွင်းမှာ သူဟာ ရောမမြို့ကို အလည်အပတ်ရောက်ရှိလာခဲ့ပြီး ကက်သလစ်ဘုရားရှိခိုးကျောင်းရဲ့အိမ်မှာတည်းတယ်။

သူ့ကြည့်ရတာ အလွန်အမင်း အံ့အားသင့်နေပုံလည်းရတယ်။

ပုပ်ရဟန်းမင်းကြီးနဲ့ ပုပ်ရဟန်းရဲ့ အိမ်သူအိမ်သားတွေက စည်းစိမ်ရှိရှိ နေထိုင်နေတယ်ဆိုတာကို သူ မြင်ခဲ့ရတယ်။

ဘုရားကျောင်းက ဓနဥစ္စာနဲ့သြဇာအရှိန်အဝါ ဖောင်းပွနေတယ်လို့ သဘောပေါက်ခဲ့တယ်။ ၁၅၁၇ ခုနှစ် အတွင်း ဗစ်တန်ဘာဂ့် (Wittenberg)ရဲတိုက်ရဲ့တံခါးမှာ ဘုရားကျောင်းရဲ့ အယူဝါဒတွေကို ကန့်ကွက်တဲ့၊ သူ့ရဲ့ရှုတ်ချတဲ့အကြောင်းပြချက် ၉၅ ချက်ကို သံနဲ့ရိုက်ပြီး ဖော်ပြခဲ့တယ်။ သူ့ရဲ့စိတ်ကူးက မြောက်ဥရောပတစ်လျှောက် ခပ်မြန်မြန် ပျံ့နှံ့သွားဖို့ပဲဖြစ်တယ်။

ရှေးဘာသာအယူဝါဒကို ပြုပြင်ပြောင်းလဲမယ့် သူ့ကို ကူညီဖို့အတွက် ဂျာမန်ဆွေကြီး

mgyoe.com



မျိုးကြီးတွေထံကနေ အလှူခံတယ်။ ဒါက ပုပ်ရဟန်းမင်းကြီးကို အထိတ်တလန့်ဖြစ်စေခဲ့တယ်။ ပုပ်ရဟန်းမင်းကြီးက လူသာဟာ မိစ္ဆာဒိဋ္ဌိတစ်ယောက်ဖြစ်တယ်လို့ အမိန့်ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့တယ်။ ဒီဖြစ်စဉ်က ဗရင်ဂျီဂိုဏ်းမှ ပရိုတက်စတင့်ဂိုဏ်းများ ခွဲထွက်ဖြစ်ပေါ်လာတဲ့ ၁၆ ရာစုအတွင်း ခရစ်ယာန်သာသနာပြုပြင်ရေး ပြဿနာတစ်ခုရဲ့ အစလည်းဖြစ်ခဲ့တယ်။

## အချက်အလက်



ခရစ်ယာန်သာသနာပြုပြင်ရေး အတွက် အဖြစ်အပျက် အတွင်းမှာ အားလုံး စုံစုံလင်လင် ဖတ်ရှုနိုင်ဖို့အတွက် နည်းပညာ အသစ်နဲ့ ရိုက်နှိပ်ထားတဲ့ ခရစ်ယာန်သမ္မာကျမ်းစာ ထွက်ရှိလာခဲ့တယ်။ လက်တင်ဘာသာကနေ ဒေသခံဘာသာစကားအသီးသီးနဲ့ ပထမဆုံးအကြိမ် ဘာသာပြန်ထားတာလည်း ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


# ဘုရင် Henry VIII က ပုပ်ရဟန်းမင်းကြီးကို ဘာကြောင့်ဗီဆန်တာလဲ



မာတင်လူသာရဲ့စိတ်ကူးက ပျံ့နှံ့သွားသလို ပြုပြင်ပြောင်းလဲရေးသမားတွေကို ပရိုတက်စတင့်တွေလို့ သိလာခဲ့ကြတယ်။ ပရိုတက်စတင့်တွေက ဥရောပအနှံ့အပြားမှာ ထွက်ပေါ်လာကြတယ်။ ဘာသာရေးကို စူးစမ်းလေ့လာသူတစ်ယောက်ရဲ့ ဝေဖန်မှု၊ အချေအတင်ငြင်းခုံမှုတွေကို လိုက်လုပ်ရာကနေ နောက်ဆုံးမှာ ဘာသာရေးစစ်ပွဲတွေ ဖြစ်ပွားခဲ့တယ်။ ဘာသာရေး ပဋိပက္ခတွေဟာ ရာစုနှစ်တစ်ခုကျော်လွန်သည်အထိ ကြာရှည်ခဲ့တယ်။

အင်္ဂလန်မှာ ဘုရင် Henry VIII က အစကနဦးမှာ ကက်သလစ်ဘုရားကျောင်းတွေကို အကာအကွယ်ပေးခဲ့တယ်။ ဒါပေမဲ့ Henry VIII ဟာ အမွေဆက်ခံသူ ယောကျ်ားလေးတစ်ယောက်ကို ရချင်ခဲ့တဲ့ ကိစ္စက ဥရောပကို တုန်လှုပ်စေခဲ့တယ်။ ၁၅၀၉ ခုနှစ်အတွင်းမှာ သူဟာ အာရာဂွန်(Aragon)ရဲ့ ကက်သရင်း (Catherine)နဲ့ လက်ထပ်ခဲ့တယ်။ ဒါပေမဲ့ သူမရဲ့သားယောကျ်ားလေးအားလုံးဟာ ကံဆိုးစွာနဲ့ မွေးကင်းစမှာပဲ သေဆုံးသွားကြတယ်။

ဟင်နရီက တရားမဝင် အိမ်ထောင်ပြုဖို့ ဆန္ဒရှိကြောင်း ပြတ်ပြတ်သားသား ပြောခဲ့တယ်။ အဲဒီတောင်းဆိုချက်ကို ပုပ်ရဟန်းမင်းကြီးက ငြင်းခဲ့တယ်။ အကျိုးဆက်တစ်ခုကတော့ ဟင်နရီက အင်္ဂလန်နဲ့ ရောမအကြားရှိ ကက်သလစ်ဘုရားကျောင်းတွေရဲ့ ဆက်နွယ်မှုအားလုံးကို ဖြတ်တောက်ပစ်လိုက်တယ်။ သူ့ကိုယ်သူလည်း အင်္ဂလန်ဘုရားကျောင်းတွေရဲ့ အမြင့်ဆုံးဦးသျှောင်ဆိုပြီး အတိအလင်း ကြေညာခဲ့တယ်။

mgyoe.com

## အချက်အလက်



ပုပ်ရဟန်းမင်းကြီးက Henry VIII ကို ရိုမန် ကက်သလစ် ခရစ်ယာန်အသင်းတော်ဝင်အဖြစ်မှ ကြဉ်ခဲ့တယ်။ ဟင်နရီကလည်း သက်ဦးဆံပိုင်မင်း အဖြစ် မိမိတစ်ဦးတည်း သြဇာနဲ့ ပိုပြီးအုပ်ချုပ် လာခဲ့တယ်။ ရောမရဲ့အမှီအခိုကင်းပြီး လွတ်လပ်တဲ့ အင်္ဂလန်အဖြစ် ကျစ်လျစ်စေခဲ့တယ်။ ၁၅၃၆ ခုနှစ် အတွင်းမှာ ဟင်နရီက Tintern Abbey တို့လို ဘုန်းကြီးကျောင်းတွေနဲ့ပတ်သက်ပြီး အမိန့်ထုတ်ခဲ့တယ်။ ဖျက်သိမ်းပစ်ဖို့ လုပ်တယ်။ ပိတ်သိမ်းပစ်ဖို့ အမိန့်ပေးတယ်။ ရှာဖွေဖို့ ညွှန်ကြားခဲ့တယ်။

# စပိန်ရေတပ် အာမာဒါသင်္ဘောအုပ်စုကြီးကို ဘာကြောင့် တိုက်ခိုက်ဖို့အတွက် စေလွှတ်ခဲ့တာလဲ

စပိန်ရဲ့ဖိလစ် (Philip)က ဘုရင်မ အဲလိစ်ဇဘတ်(Queen Elizabeth)နဲ့ လက်ထပ်ပြီး အင်္ဂလန်ကို ရိုမန်ကက်သလစ်အဖြစ်ပြန်လာဖို့ တစ်ချိန်က မျှော်လင့်ခဲ့တယ်။ အဲလိစ်ဇဘတ်က သူ့ကို ငြင်းခဲ့တဲ့အတွက် အင်္ဂလန်ရဲ့ ကိုးကွယ်မှု ဘာသာအယူဝါဒါကို ဖိအားပေးပြီး ပြောင်းပစ်ဖို့ ဖိလစ်ကဆုံးဖြတ်ခဲ့တယ်။ ၁၅၈၈ ခုနှစ်အတွင်းမှာ ဖိလစ်က သင်္ဘောအစီး ၁၃၀ ပါဝင်တဲ့ ရေတပ် သင်္ဘောအုပ်ကြီးတစ်ခုကို စုဝေးစေခဲ့တယ်။

နယ်သာလန်ကနေ စစ်သားတွေကို ဝင်ခေါ်ဖို့ သင်္ဘောတွေကို စေလွှတ်ခဲ့

## အချက်အလက်

စကော့ရဲ့ Mary Queen က ထူးချွန်တဲ့ အုပ်ချုပ်သူတစ်ယောက် မဖြစ်ခဲ့ဘူး။ သူမဟာ ၁၅၆၈ ခုနှစ်အတွင်းမှာ စကော့တလန်ကနေ ထွက်ပြေးဖို့ ဖိအားပေးခံခဲ့ရတယ်။ Elizabeth I အပေါ် ပုံအပ်ပြီး အင်္ဂလန်မှာ ခိုလှုံဖို့ နေရာရှာခဲ့ရတယ်။



mgyoe.com